

# BURMESE

## မီးဘေးလုံခြုံရေး။

မိမိ၏အိမ်တွင်၊ မီးလောင်လျှင်၊ မီးလောင်နေသောအခန်း၏တံခါးကိုပိတ်ပြီး၊ **"မီး၊မီး၊မီး!"**ဟု အော်ပါ။အိမ်အတွင်းထဲ၌ရှိနေသူအားလုံးကိုမီးခိုးလွတ်သော/ မီးခိုး၏အောက်ဖက်မှနေ၍အမြန်ဆုံးအိမ်အပြင်သို့ထွက်စေပါ။ အထဲကိုလုံးဝပြန်မဝင်ပါနှင့်။ အိမ်အပြင်သို့ရောက်လျှင် ဖြစ်စေ (သို့မဟုတ်) အိမ်နီးနားချင်း၏အိမ်မှဖြစ်စေဖုန်းနံပါတ် **"၁၁၁"**ကိုချက်ချင်းအကြောင်း ကြားပါ။

အလုပ်လုပ်သောမီးသတိပေးစက်များ မရှိသောအိမ်တွင် သင်၏မိသားစုကို ဘယ်သောအခါမှမနေစေသင့်ပါ။ အိမ်ငှားလျှင်၊ သင်၏အိမ်ရှင်ကို၊ မီးသတိပေးစက်များ တပ်ဆင်ပေးရန် တောင်းဆိုပါ။

သင်၏မီးသတိပေးစက်များကိုထိန်းသိမ်းပါ။ ၎င်းစက်ထဲမှဓါတ်ခဲကို၊ လဲလှယ်သောအခါမှလွဲ၍မည်သည့်အခါမှ မထုတ်ပါနှင့်။ မီးသတိပေးစက်ကို အချိန်မရွေး ကောင်းမွန်စွာ အလုပ်လုပ်နေစေရန် အမြဲကြည့်ရှု စစ်ဆေးပါ။

ချက်ပြုတ်နေစဉ်အခါတိုင်း မီးဖိုထဲတွင်နေပါ။ ချက်ပြုတ်ခြင်းကိုမည်သည့်အခါမှမထားခဲ့ပါနှင့်။ အရက်သေစာသောက်စားပြီး၊မချက်ပြုတ်ပါနှင့်။

မီးချစ်ဆံ၊ ဓါတ်မီးချစ် စသည်တို့ကို ကလေးများလက်လှမ်းမမီနိုင်သော နေရာတွင်ထားပါ။

လျှပ်စစ်နှင့်နွေးသောစောင်ကို သင်အိမ်တွင်ရှိနေမှသာဖွင့်ပါ။ မည်သည့်အခါမှလျှပ်စစ်မီးဖွင့်ထားသော စောင်နှင့် မအိပ်ပါနှင့်။

ပစ္စည်းအားလုံးကို၊အနွေးပေးစက်(ဟီတာ)နှင့်အနည်းးဆုံး(၁)မီတာအကွာအဝေးတွင်ထားပါ။ အနွေးပေးစက်အကာ (ဟီတာဂတ်) ကိုလိုအပ်လျှင် သုံးပါ။

မီးပုံအနီးတွင် "မီးကာ/မီးပွားကာ" ကို အမြဲသုံးပါ။ မီးပုံနားရှိ ကလေးများကို အမြဲစောင့်၍ ကြီး ကြပ်ပါ။ ပစ္စည်းအားလုံးကို မီးပုံနှင့်အနည်းဆုံး (၁) မီတာအကွာအဝေးတွင် ထားရှိပါ။

ပြာပူ များသည် (၃) ရက်ခန့်ကြာမှ အေးသွားတတ်ပါသည်။ ၎င်းပြာကိုကြုံးလျှင်၊ အမြဲတမ်း သံပုံးထဲ ထည့်ပြီး၊ ရေနှင့်လောင်းပါ။

အိပ်ယာထဲတွင် ဆေးလိပ်မသောက်ပါနှင့်။ သင်၏ဆေးလိပ်တိုများ ကိုမည်သည့်နေရာတွင်၊ မည်ကဲ့သို့ မီးသတ်၍ စွန့်ပစ်သည်ကို သတိထားပါ။

ဖယောင်းတိုင်ကို၊ မသုံးမဖြစ်၊ သုံးရန်လိုအပ်ပါက၊ အောက်ခြေပြား၍ ကျယ်သောနေရာတွင် စိုက်၍ ထွန်းပါ။ မီးစွဲလောင်လွယ် သောမည်သည့်အရာနှင့်မျှ မနီးကပ်စေရန် သတိထားပါ။ အိပ်သောအခါ၊ ဖယောင်းတိုင်မီးကို ထွန်းမထားပါနှင့်။ ဖယောင်းတိုင်မီး ထွန်းထားသော အခန်းထဲတွင် လူအမြဲရှိနေပါစေ။

ညစဉ်၊ မီးမပိတ်မီ၊ "မီး"ကို စစ်ဆေးပါ။ အနွေးစက် (ဟီတာ)၊ လျှပ်စစ်မီးသီးများ၊ တယ်လီ ဗီးရှင်း၊ ကွန်ပျူတာနှင့် အခြား မလိုအပ်သော လျှပ်ပစ္စည်းကိရိယာများကို ပိတ်ပါ။

အိပ်ယာ မဝင်မီတိုင်း၊ ဖယောင်းတိုင် မီးအားလုံးကို ညိမ်းသတ် ထားခြင်း ရှိမရှိ ကိုရှင်း၊ သော့နှင့် ခတ်ရသော အိမ်တံခါး များ၏ သော့ပေါက်ထဲတွင် သော့တံ ရှိမရှိ ကိုရှင်း၊ လိုအပ်ပါကအမြန် လွတ် မြောက် နိုင်ရန် စင်္ကြံများ ရှင်းရှင်း လင်းလင်း ရှိမရှိ ကိုရှင်း၊ လျှပ်စစ် အနွေးစောင် များ ခလုတ် ပိတ်ထားခြင်း ရှိမရှိ ကိုရှင်း– သေချာအောင်စစ်ဆေးပါ။